**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**ကြေညာချက်အမှတ် (၂၅ / ၂၀၂၂)**

**၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်**

**(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)**

# အကြမ်းဖက်စစ်ကောင်စီက ကျူးလွန်လျက်ရှိသည့် ကျေးလက်၊ မြို့ပြနေ ပြည်သူများ၏ နေအိမ်များအား ဖျက်ဆီး၍ မြေယာများလုယူနေခြင်းနှင့် စပ်လျဉ်း၍ အထူးသတိပေး တားမြစ်ခြင်း

၁။ မင်းအောင်လှိုင်ဦးဆောင်သည့် အကြမ်းဖက်စစ်အုပ်စုသည် နိုင်ငံတော်အာဏာကို လက်နက်အားကိုး၊ လုယူပြီးနောက် ကျေးလက်နေ ပြည်သူပိုင်နေအိမ်များ၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်နေရုံသာမက၊ မြို့ပြနေ ပြည်သူများ၏ နေအိမ်များကိုပါ အတင်းအဓမ္မ ဖျက်ဆီး၍ မြို့ပြမြေယာများအား အဓမ္မ လုယက်လျက်ရှိသည်။

၂။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရန်ကုန်နှင့် မန္တလေးမြို့ကြီးများအပါအဝင် မြို့ကြီး အချို့တွင် အကြမ်းဖက်စစ်အုပ်စုက မြို့ပြနေ အခြေခံလူတန်းစားများ၏ နေအိမ်များအား အတင်း အဓမ္မ ဖြိုဖျက်ကာ မြေယာလုယက်မှုများ ကျူးလွန်လျက်ရှိရာတွင် မင်္ဂလာဒုံမြို့နယ်ရှိ ရပ်ကွက် ၅ ခုမှ အိမ်ခြေပေါင်း ၁ သောင်းကျော်၊ လူဦးရေ ၅ သောင်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သကဲ့သို့ မရမ်းကုန်း မြို့နယ်တွင် အိမ်ထောင်စုပေါင်း ၁၀၀ ကျော်၊ မန္တလေးမြို့တွင် အိမ်ထောင်စုပေါင်းများစွာအား အိမ်မဲ့ ရာမဲ့ဘဝသို့ ရောက်စေခဲ့သည်။

၃။ ကိုဗစ်ကူးစက်ရောဂါနှင့် နိုင်ငံတော်အာဏာလုယူမှုကြောင့် လူမှုဒုက္ခအဝဝကို ခံစားနေကြ ရသည့် အခြေခံပြည်သူများ၏ဘဝကို စာနာနားလည်မှုမရှိ၊ ဖေးမကူညီမှုမရှိဘဲ ၎င်းတို့၏ကျောတခင်းစာ နေရာများကို ဖျက်စီးခြင်း၊ ပြည်သူများ၏ အသိုက်အမြုံအားဖျက်စီးခြင်း၊ ၎င်းတို့၏ မြေယာများကို လုယူခြင်းသည် အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားပြည်သူများအပေါ် ယုတ်မာရက်စက်မှုကို ထပ်လောင်း

အတည်ပြုပေးနေသည်။ ထိုသို့ ရက်စက်ယုတ်မာခြင်းသည် အခြေခံလူ့ကျင့်ဝတ်ကို ချိုးဖောက်ခြင်းဖြစ်သည်သာမက နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များပါ လူတိုင်း လုံလောက်သော အိမ်ရာ၊ စားနပ်ရိက္ခာ နှင့် အခြေခံဝန်ဆောင်မှုများရရှိခွင့်ကိုလည်း ပြောင်ပြောင်တင်းတင်း ချိုးဖောက်လျက်ရှိနေသည်။

၄။ ထို့အပြင် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ စစ်ဘေးရှောင်ကာ လူအစုအလိုက်အပြုံလိုက် ရွှေ့ပြောင်းစေခြင်းများဖြင့် ကျေးလက်နေပြည်သူများကို တော်လှန်ရေးနှင့် ကင်းကွာစေရန် အကြောက်တရားနှင့် ခြိမ်းခြောက်ကျူးလွန်နေသကဲ့သို့ မြို့ပြနေပြည်သူများ၏ အိုးအိမ်များ ဖျက်ဆီးခြင်းဖြင့် မြို့ပြများကို ပိုမိုကျပ်တည်းခက်ခဲစေကာ ပြည်သူ့တော်လှန်ရေးအပေါ် အားပျော့လာစေရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

၅။ အကြမ်းဖက်စစ်ကောင်စီနှင့် ၎င်းလက်အောက်ရှိ စည်ပင်သာယာရေးကော်မတီအပါအဝင် ဝန်ထမ်းများနှင့် ၎င်းစစ်ကောင်စီ၏ အပေါင်းပါများအနေဖြင့် ယခုကဲ့သို့ မြို့ပြနေပြည်သူလူထု၏ နေအိမ်များကို အတင်းအဓမ္မဖျက်စီးခြင်း၊ မြေယာများအား လုယက်ခြင်းများကို ချက်ချင်းရပ်ဆိုင်းရန်၊ ပြည်သူလူထု၏ နေအိမ်များဖျက်စီးခြင်းကို ဆက်လက်မပြုလုပ်ရန် ပြင်းထန်စွာသတိပေး တားမြစ်လိုက်သည်။ တားမြစ်ချက်ကို မလိုက်နာဘဲ ဆက်လက်ကျူးလွန်နေပါက ပါဝင်ပတ်သက်သူများ၊ အဖွဲ့အစည်းများအား ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် နစ်နာဆုံးရှုံးခဲ့သည့် ပြည်သူတစ်ဦးချင်းစီအတွက် တရားမျှတမှုနှင့် ပြန်လည်တည်ထောင်ရေး လုပ်ငန်းစဉ်များကို မဖြစ်မနေ အာမခံ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ